**ရန်ကုန်စီးပွားရေးတက္ကသိုလ်**
**ဘွဲ့လွန်ဒီပလိုမာ(Online) သင်တန်းဝင်ခွင့်လျှောက်လွှာခေါ်ယူခြင်း**
**ကြေညာချက်**

၁။ ရန်ကုန်စီးပွားရေးတက္ကသိုလ်၏ (၂၀၂၂-၂၀၂၃) ပညာသင်နှစ်အတွက် ဖွင့်လှစ်မည့် အောက်ပါ ဘွဲ့လွန်ဒီပလိုမာ**(Online)**သင်တန်းများသို့ ဝင်ခွင့်လျှောက်ထားနိုင်ပါသည်။

**ဘွဲ့လွန်ဒီပလိုမာ(Online)သင်တန်းများ**

(က) သုတေသနပညာဒီပလိုမာ (PGDRS)
(ခ) လူ့စွမ်းအားအရင်းအမြစ်စီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ (PGDHRM)
(ဂ) ဈေးကွက်ဆိုင်ရာစီမံခန့်ခွဲမှုဘွဲ့လွန်ဒီပလိုမာ(PGDMM)
(ဃ) စီမံအုပ်ချုပ်မှုပညာဘွဲ့လွန်ဒီပလိုမာ(PGDMA)

၂။ အဆိုပါ ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် အောက်ပါ အရည်အချင်းများနှင့် ကိုက်ညီသူများ လျှောက်ထားနိုင်ပါသည်-

(က) အသိအမှတ်ပြုတက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိပြီးသူဖြစ်ရမည်။
(ခ) တက္ကသိုလ်တစ်ခုခုတွင် အခြားသင်တန်းတစ်ခုခု တက်ရောက်နေသူ မဖြစ်စေရ။
(ဂ) သက်ဆိုင်ရာ သင်ရိုးနှင့်အညီ သတ်မှတ်ထားသော အချိန်အတိုင်း ပြည့်မီစွာ တက်ရောက်နိုင်သူ ဖြစ်ရမည်။
(ဃ) ဘွဲ့လွန်ဒီပလိုမာသင်တန်းများအတွက် သင်တန်းဝင်ခွင့်ရေးဖြေ(PGDMA)/ လူတွေ့နှုတ်ဖြေ စစ်ဆေး ခြင်းကို လူကိုယ်တိုင် လာရောက်ဖြေဆိုအောင်မြင်သူဖြစ်ရမည်။
(င) PGDRS သင်တန်းအတွက် သုတေသနလုပ်ငန်းတွင် လုပ်ဆောင်နေသူများကို ဦးစားပေး ရွေးချယ်မည်ဖြစ်ပြီး၊ Computing Skills တတ်ကျွမ်းသူ ဖြစ်ရမည်။
(စ) PGDHRM သင်တန်းအတွက် အစိုးရ (သို့) ပုဂ္ဂလိက (သို့) နိုင်ငံတကာအဖွဲ့အစည်းတခုခုတွင် လူ့စွမ်းအား အရင်းအမြစ်စီမံခန့်ခွဲမှု အတွေ့အကြုံရှိသူ ဦးစားပေးမည်။
(ဆ) PGDMM သင်တန်းအတွက် ဈေးကွက်နှင့်ရောင်းဝယ်ရေးဆိုင်ရာ အတွေ့အကြုံရှိသူများကို ဦးစားပေး မည်။
(ဇ) PGDMA သင်တန်းအတွက် အစိုးရဌာနများမှ ပြန်တမ်းဝင်အရာရှိ (သို့) ပုဂ္ဂလိက (သို့) နိုင်ငံတကာ အဖွဲ့အစည်းများ၏အလယ်အလတ်အဆင့် စီမံခန့်ခွဲမှုရာထူးတွင်လုပ်ကိုင်နေသူ ဖြစ်ရမည်။

၃။ သင်တန်းနှင့်သက်ဆိုင်သော စာရွက်စာတမ်းများနှင့်သတ်မှတ်ထားသည့် လျှောက်လွှာပုံစံများကို အောက်ဖော်ပြပါဌာန များတွင် သတ်မှတ်ရက်အတွင်း တင်သွင်းလျှောက်ထားနိုင်ပါသည်။

(က) PGDRS သင်တန်းအတွက် စာရင်းအင်းပညာဌာန (အခန်း-၂၁၂)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။ ( ၁၆-၅-၂၀၂၂ မှ ၁၇-၆ -၂၀၂၂ အထိ )
(ခ) PGDHRM သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်။ ( ၇-၆-၂၀၂၂ မှ ၂၇-၆-၂၀၂၂ အထိ )
(ဂ) PGDMM သင်တန်းအတွက် ဝါဏိဇ္ဇဗေဒဌာန (အခန်း-၂၀၆)၊ ရန်ကုန်စီးပွားရေးတက္ကသိုလ် (ကမာရွတ်နယ်မြေ)၊ အင်းလျားလမ်း။ ( ၁၆-၅-၂၀၂၂ မှ ၁၆-၆-၂၀၂၂ အထိ )
(ဃ) PGDMA သင်တန်းအတွက် စီမံခန့်ခွဲမှုပညာဌာန (ပတ္တမြားဆောင်)၊ ပါရမီလမ်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်။ ( ၁၆-၅-၂၀၂၂ မှ ၆-၆-၂၀၂၂ အထိ )

၄။ သင်တန်းဝင်ခွင့်ရေးဖြေစာမေးပွဲများကို အောက်ပါနေရာများ၌ ကျင်းပပါမည်။

(က) PGDMA သင်တန်း ဝင်ခွင့်ရေးဖြေစာမေးပွဲကို (၁၂-၆-၂၀၂၂) တနင်္ဂနွေနေ့၊ ရန်ကုန်စီးပွားရေး တက္ကသိုလ် (လှိုင်နယ်မြေ)၊ ပါရမီလမ်း။

၅။ PGDHRM, PGDMA သင်တန်းအတွက် ဖုန်းအမှတ်(၀၁-၈၆၆၄၆၈၄)၊ PGDMM သင်တန်းများ အတွက်ဖုန်းအမှတ်(၀၁-၇၅၁၃၅၇၆)၊ PGDRS သင်တန်းများအတွက် ဖုန်းအမှတ် (၀၉-၂၅၆၇၁၂၇၄၀၊ ၀၉-၉၆၈၀၉၅၈၉၉) တို့တွင် အသေးစိတ် မေးမြန်းစုံစမ်းနိုင်ပါသည်။

မော်ကွန်းထိန်း
ရန်ကုန်စီးပွားရေးတက္ကသိုလ်